# ၀၁

## လုပ်ခလစာနှင့် လုပ်ခလစာမှ နုတ်ယူခြင်းများ

- လုပ်ခ၊ လစာအား တစ်လတစ်ကြိမ် လစဉ်ပေးရမည်၊ လုပ်ခအား ဘဏ်ငွေလွှဲ/အီလက်ထရောနစ် ငွေပေးစနစ်ဖြင့် ပေးရမည်။
- ဖမ်းမိသည့်အလိုက်ဝေစုပေး စနစ် (ရှိခဲ့ပါလျှင်) ထိုငွေပေးချေမှုကို အနည်းဆုံး သုံးလ တစ်ကြိမ် ပေးရမည်။
- ထိုင်းနိုင်ငံ၏ ၂၀၂၂ခုနှစ် အနိမ့်ဆုံး လုပ်ခသတ်မှတ်ချက်အရ သက်ဆိုင်ရာစီရင်စု ပြည်နယ်အလိုက် တစ်ရက်လုပ်ခသည် ၃၂၈ ဘတ်မှ ၃၅၄ ဘတ်အတွင်း ရရှိရပါမည်။
- အလုပ်သမားသည် ထိုအနိမ့်ဆုံးလုပ်ခ သတ်မှတ်ချက်အတိုင်း အနည်းဆုံးလုပ်ခအဖြစ် ရရှိရမည်။
- ရရှိသည့် လုပ်ခလစာနှင့် လစာမှ ထုတ်နုတ်ယူထားသည်များကို ဖော်ပြသည့် လုပ်ခလစာ စာရွက် (စလစ်) ကို ရရှိရမည်။






# ၀၂

## အလုပ်ချိန်နှင့် နားရက်တို့အတွက် စည်းမျဉ်းများ

### ပင်လယ်စာလုပ်ငန်း

- တစ်ရက် လျှင် (၈)နာရီ
- တစ်ပတ် လျှင် (၆) ရက်
- ၅ နာရီကြာဆက်တိုက် အလုပ်လုပ်ပြီးနောက် အနည်းဆုံး ၁ နာရီ နားခွင့်

အချိန်ပိုအလုပ်သည် ဆန္ဒအလျှောက် ဖြစ်ရမည်။ အချိန်ပို အလုပ်လုပ်ချိန်နှင့် အားလပ်ရက်အတွင်း အလုပ် လုပ်ချိန် စုစုပေါင်းသည် တစ်ပတ်လျှင် ၃၆ နာရီထက် မပိုရ။

### ငါးဖမ်းလုပ်ငန်း

- ၂၄ နာရီ အတွင်း ၁၀ နာရီ အနားယူခွင့်။ (ကျန် ၁၄ နာရီသည် အလုပ်လုပ်ချိန်ဖြစ်ပြီး ထို့ထက်ပို၍ မလုပ်စေရ၊ အချိန်ပို လုပ်ကိုင်ခြင်း မရှိစေရ)
- အနည်းဆုံး တစ်ပတ်လျှင် ၇၇ နာရီ နားခွင့်ရှိရမည်။





# ၀၃

## အချိန်ပိုကြေးနှင့် အားလပ်ရက်အတွက် ပေးငွေ

### ပင်လယ်စာလုပ်ငန်း

- အလုပ်လုပ်ရက်အတွင်း အချိန်ပိုလုပ်ခအတွက်ဆိုလျှင် အလုပ်သမား၏ ပုံမှန်လုပ်ခနှုန်းထား၏ တစ်ဆခွဲ (၁.၅ ဆ) ထက် မလျော့နည်းစေဘဲ အလုပ်ရှင်က ပေးရပါမည်။
- အားလပ်ရက်တွင် အလုပ်လုပ်ခြင်းအတွက် အလုပ်သမား၏ ပုံမှန်လုပ်ခနှုန်းထား၏ သုံးဆထက် မလျော့နည်းစေဘဲ အလုပ်ရှင်က ပေးရပါမည်။

### ငါးဖမ်းလုပ်ငန်း

- အချိန်ပိုလုပ်ခ မရှိပါ။

# ၀၄

## လုပ်ငန်းခွင်ဘေးကင်း လုံခြုံရေးနှင့် ကျန်းမာရေး

စက်ကိရိယာ၊ စက်အစိတ်အပိုင်းနှင့် လည်းကောင်း၊ လျှပ်စစ်ဆိုင်ရာနှင့် လည်းကောင်း ဆက်စပ်လုပ်ကိုင်ကြသည့် အလုပ်သမားများ၊ ကျဉ်းကျပ်သည့် အလုပ်နေရာတွင် အလုပ်လုပ်ရသည့် အလုပ်သမားများအတွက် ပြည့်စုံလုံလောက်သည့် ဘေးကင်းလုံခြုံရေးအစီအမံများ၊ ပစ္စည်းကိရိယာများအား အလုပ်ရှင်က ဖြည့်ဆည်းလုပ်ဆောင်ပေးရမည်။



# ၀၅

## ဖျားနာခွင့် (လုပ်ငန်းခွင်နာဖျားမှုနှင့် မတော်တဆမှုတို့ကြောင့် မဟုတ်သည့်)



- ဖျားနာပါက ဖျားနာခွင့် ခွင့်ယူနိုင်သည်။
- လုပ်ခဖြင့် ဖျားနာခွင့်မှာ တစ်နှစ်အတွက် ပုံမှန်အလုပ်လုပ်ရက် ရက် (၃၀)အထိ။
- အလုပ်ရှင်က အလုပ်လုပ်ရက် ၃ ရက်ထက်ပိုသော ဖျားနာခွင့်အတွက် ဆေးထောက်ခံချက်ပြရန် တောင်းဆိုနိုင်သည်။

# ၀၆

## မီးဖွားခွင့်



- ကိုယ်ဝန် ရှိ၊ မရှိ စစ်ဆေးခြင်း မပြုသင့်ပါ။
- ကိုယ်ဝန်ဆောင်ဖြစ်ပါက မိမိကိုယ် ထိခိုက်နိုင်သည့် သို့မဟုတ် အလွန်ပင်ပန်းနွမ်းနယ်စေသည့် အလုပ်မျိုးကို မလုပ်သင့်ပါ
- မီးဖွားခွင့်အဖြစ် (၉၈) ရက်အထိ ခွင့်ယူနိုင်သည်
- ယင်း (၉၈) ရက်မှ (၄၅) ရက်သည် လစာဖြင့် မီးဖွားခွင့်ခံစားနိုင်သည်။
- အလုပ်လုပ်ချိန်သည် ည ၁၀ နာရီမှ မနက် ၆ နာရီအတွင်း မလုပ်စေရပါ၊ အချိန်ပိုအလုပ်၊ အားလပ်ရက်အတွင်း အလုပ် လုပ်ကိုင်ရခြင်း မရှိစေရပါ။
- အလုပ်ရှင်သည် အလုပ်သမားအား ကိုယ်ဝန်ရှိခြင်းကြောင့် အလုပ်မှ မထုတ်ပယ်ရပါ။

# ၀၇

## နှစ်ပတ်လည်ခွင့်

### ပင်လယ်စာလုပ်ငန်း

အကယ်၍ တစ်နှစ်တာ အပြည့် တစ်ဆက်တည်းအလုပ်လုပ်ခဲ့ပါက အလုပ်လုပ်ရက် (၆) ရက်ထက် မနည်းစေသည့် လုပ်ခဖြင့် နှစ်ပတ်လည်ခွင့် ခံစားခွင့်ရရှိရမည်။

### ငါးဖမ်းလုပ်ငန်း

အပတ်စဉ်ပိတ်ရက်များ၊ ဓလေ့ထုံးစံအလုပ်ပိတ်ရက်များအစား အနည်းဆုံးရက် (၃၀) လုပ်ခဖြင့် နှစ်ပတ်လည်ခွင့် ခံစားခွင့်ရှိသည်။ ခွင့်ရက်ကာလအတွင်း အလုပ်လုပ်ပါက အလုပ်ရှင်သည် ထိုအလုပ်သမား၏ လုပ်ခ၏သုံးဆကို လုပ်ခအဖြစ်ပေးရမည်။



# ၀၈

## ဓလေ့ထုံးစံအလုပ်ပိတ်ရက်များ

### ပင်လယ်စာလုပ်ငန်း


- ထုံးတမ်းစဉ်လာအလုပ်ပိတ်ရက်အတွင်း အလုပ်လုပ်လျှင် ပုံမှန်လုပ်ခနှုန်းထားအတိုင်း လုပ်ခပေးရမည်။
- အလုပ်သမားနေ့အပါအဝင် ထုံးတမ်းစဉ်လာအလုပ်ပိတ်ရက် (၁၃) ရက် ခံစားခွင့်ရှိသည်။
- အကယ်၍ ထုံးတမ်းစဉ်လာအလုပ်ပိတ်ရက်သည် အပတ်စဉ်ပိတ်ရက်နှင့် ထပ်တူကျပါက နောက်တစ်နေ့ အလုပ်လုပ်ရက်အား အစားထိုးပိတ်ရက်အဖြစ် အလုပ်နားခွင့်ရှိသည်။
- အကယ်၍ ထိုအစားထိုးပိတ်ရက် မရရှိဘဲ အလုပ်လုပ်ရပါက အလုပ်ရှင်က လုပ်ခ၏ ၂ ဆ အနည်းဆုံးပေးရမည်။

# ၀၉

## (စာချုပ်သက်တမ်းမစေ့မီ အလုပ်ရပ်ဆိုင်းခြင်းကြောင့်ပေးရသည့်) လျော်ကြေး

အလုပ်ဖြုတ်ခံရခြင်း သို့မဟုတ် အလုပ်ပိတ်သိမ်းသဖြင့် အလုပ်ရပ်စဲခြင်းတို့ ဖြစ်လာပါလျှင် အလုပ်သမားသည် လျော်ကြေးခံစားခွင့်ရှိသည်။ ဤလျော်ကြေးပမာဏသည် အလုပ်လုပ်သက်တွင် မူတည်ကာ အောက်ပါအတိုင်းခံစားခွင့်ရှိသည်။

- ရက်ပေါင်း ၁၂၀ မှ တစ်နှစ်အောက် လုပ်သက်အတွက် – ရက် (၃၀) စာ လုပ်ခ
- တစ်နှစ်မှ ၃ နှစ်အောက်အထိ လုပ်သက်အတွက် – ရက် (၉၀) စာ လုပ်ခ
- ၃ နှစ်မှ ၆ နှစ်အောက်အထိ လုပ်သက်အတွက် – ရက်ပေါင်း (၁၈၀) စာ လုပ်ခ
- ၆ နှစ်မှ ၁၀ နှစ်အောက်အထိ လုပ်သက်အတွက် – ရက်ပေါင်း (၂၄၀) စာ လုပ်ခ
- ၁၀ နှစ်မှ အထက်အတွက် – ရက်ပေါင်း (၃၀၀) စာ လုပ်ခ




သို့ဖြစ်ရာ အလုပ်သမားသည် အပြတ်အတောက်မရှိသည့် အလုပ်လုပ်ရက် ၁၂၀ ရှိမှသာ ဤလျော်ကြေးကို ခံစားခွင့်ရှိမည်ဖြစ်သည်။

International Labour Organization

Funded by the European Union

## ရေယာဉ်မှ ကမ်းစပ်အထိ အခွင့်အရေးများ အရှေ့တောင်အာရှ အစီအစဉ်

အရှေ့တောင်အာရှရှိ ငါးဖမ်းလုပ်ငန်းနှင့် ပင်လယ်စာပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းများတွင် ပုံမှန်ဘေးကင်းလုံခြုံစွာ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ရေးနှင့် သင့်လျော်ကောင်းမွန်သည့် အလုပ်ဖြစ်စေရေး အားပေးမြှင့်တင်လုပ်ဆောင်နေပါသည်။

shiptoshorerights.org

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့
အာရှနှင့် ပစိဖိတ်ဒေသရုံး
United Nations Building, Ratchadamnern Nok
Bangkok, 10200, Thailand

T: +66 2288 1762
F: +66 2280 1735
E: info@ilo.org
W: www.ilo.org

## ၁၀

### အလုပ်သမား အဖွဲ့အစည်း (သမဂ္ဂ) ပါဝင်ခွင့်

- အလုပ်သမားသမဂ္ဂအဖွဲ့ဝင်တစ်ဦးအဖြစ် လုပ်ခလစာ၊ ခံစားခွင့်များနှင့် လုပ်ငန်းခွင်အခြေအနေများနှင့်ပတ်သက်သည့်ကိစ္စရပ်အား အလုပ်ရှင်ထံ တောင်းဆို၊ ညှိနှိုင်းနိုင်သည်။
- ထိုင်းနိုင်ငံတွင် အလုပ်လုပ်သော ရွှေ့ပြောင်းအလုပ်သမားများသည် မိမိလုပ်ငန်းခွင်ရှိ သို့မဟုတ် လုပ်ငန်းကဏ္ဍတူ အလုပ်သမားအဖွဲ့အစည်းသို့ လွတ်လပ်စွာပါဝင်ခွင့်ရှိသည်။
- ထိုသို့ အလုပ်သမားအဖွဲ့အစည်းအတွင်း လွတ်လပ်စွာဝင်ရောက်ပါဝင်ခွင့်ကို အလုပ်ရှင်က ကြားဝင်စွတ်ဖက် နှောက်ယှက်ခွင့်မရှိ။



### ပါဝင်ပူးပေါင်း အင်အားကောင်း

အတူပူးပေါင်းဖွဲ့စည်းခြင်းသည်သာလျှင် ကျွန်ုပ်တို့၏ အခွင့်အရေးအတွက် အားကောင်းမှုနှင့် စွမ်းဆောင်မှုကို တည်ဆောက်နိုင်သည့် နည်းလမ်းဖြစ်သည်။

ရေလုပ်သားများ အခွင့်အရေး ကွန်ယက်အဖွဲ့၊ ဆုန်ကလာ
T : +66 7431 4262

တံငါသည်တို့ အခွင့်အရေး ကွန်ယက် အဖွဲ့၊ ရနောင်း
T: +66 7781 0217

ရေလုပ်သားများ အခွင့်အရေး ကွန်ယက်အဖွဲ့၊ တရန်
T: +66 3951 3500

သတင်းအချက်အလက်များ သိရှိလိုပါက ခေါ်ဆိုရန် – SERC အလုပ်သမားအဖွဲ့ချုပ်
T: +66 2537 8973

## ၁၁

### တိုင်တန်းခြင်း

ပြဿနာများ တင်ပြလိုပါက အလုပ်သမားများအတွက် တိုင်တန်းနိုင်သည့် နည်းလမ်းများရှိပါသည်။

- လူမှုအဖွဲ့အစည်းနှင့် အလုပ်သမားသမဂ္ဂအဖွဲ့အစည်းများအား ဆက်သွယ်နိုင်သည်။
- အလုပ်သမား ကာကွယ်စောင့်ရှောက်ရေးရုံးသို့ ပြောကြားနိုင်သည်။
- အလုပ်ရုံ၊ အလုပ်သမားစစ်ဆေးရေးမှူးထံ ပြောကြားနိုင်သည်။





## ၁၂

### ထိုင်းနိုင်ငံတွင် အလုပ်လုပ်ခြင်း



- ငါးဖမ်းရေယာဉ်တွင် အလုပ်လုပ်ကိုင်ရန်အတွက် အနိမ့်ဆုံး အသက် (၁၈)နှစ် ပြည့်ရမည်။
- ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန်အတွက် အလုပ်ရရှိရေးအတွက် မည်သည့်အခကြေးငွေကိုမျှ အလုပ်သမားက မကျခံစေရပါ။
- အလုပ်ရှင်က မြန်မာဘာသာဖြင့် ရေးသားထားသည့် အလုပ်ခန့်အပ် သဘောတူစာချုပ်အား ပေးအပ်ရမည်ဖြစ်သည်။
- အလုပ်သမားသည် ထိုစာချုပ်မိတ္တူတစ်စုံ ရရှိရမည်၊ မရရှိပါက တောင်းယူပါ။
- အလုပ်သမားသည် လူမှုဖူလုံရေး သို့မဟုတ် ပုဂ္ဂိုလ်ကကျန်းမာရေး အာမခံ ခံစားခွင့်များ ခံစားပိုင်ခွင့်ရှိသည်။
- မိမိ၏သားသမီးများသည် ထိုင်းနိုင်ငံအတွင်း ပညာသင်ယူခွင့်ရှိသည်။ ပညာရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေး ဖောင်ဒေးရှင်း (Foundation for Education and Development (FED)) ကဲ့သို့သော အဖွဲ့အစည်းများက ရွှေ့ပြောင်း ကလေးငယ်နှင့် အရွယ်ရောက်ပြီးသူများ ပညာသင်ကြားရေး လုပ်ဆောင်ပေးလျှက်ရှိပါသည်။

## ၁၃

### ခွဲခြားဆက်ဆံခြင်းအား ခွင့်မပြုပါ

- သင် မည်သူမည်ဝါဖြစ်ခြင်းကြောင့် (နိုင်ငံသား၊ လူမျိုး၊ ကျား၊ မ ကွဲပြားမှု၊ လိင်စိတ်ကွဲပြားမှု စသည်ဖြင့်) လုပ်ခလစာ ကွဲပြားမှုကို လက်မခံသင့်ပါ။

## # အကူအညီ ရယူပါ

အလုပ်သမားဝန်ကြီးဌာန
အကူအညီပေးရေး၊ ဗဟို ဖုန်းလိုင်းများ – ၁၅၀၆ / ၁၅၄၆/ ၁၃၀၀
ရွှေ့ပြောင်းအလုပ်သမားရေးရာ ဖုန်းလိုင်းများ – ၁၆၉၄

ပညာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း (FED)
အကူအညီပေးရေး ဖုန်းလိုင်းများ – +၆၆ ၆၂ ၉၇၈ ၁၀၀၉

လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်း
T: +66 86 756 0835

ရေလုပ်သားများ အခွင့်အရေးကွန်ယက်အဖွဲ့
(Fishers' Rights Network)
(ရနောင်း၊ ချန်ဖွန်၊ ဆွန်ခလာ၊ ထရက်)
T: +66 7431 4262
W: justiceforfishers.org

ရက်ထိုင်း ဖောင်ဒေးရှင်း (Raks Thai Foundation)– ဆမွတ်ဆခွန်
T: +66 3443 4828

Stella Maris Seafarer's Center
T: +66 81 401 2816

State Enterprise Workers' Relations Confederation (SERC)
T: +66 86 752 4593

# ငါးဖမ်းလုပ်ငန်းနှင့် ပင်လယ်စာ ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများမှ အလုပ်သမားအခွင့်အရေးများ



shiptoshorerights.org

ယခုစီမံချက်အား ဥရောပသမဂ္ဂမှ ရန်ပုံငွေပံ့ပိုးပါသည်။
ဤစာစောင်ပါ အချက်အလက်များသည် ဥရောပသမဂ္ဂ၏ ရှုထောင့်အမြင်များအား ထင်ဟပ်ဖော်ထားခြင်း မဟုတ်ပါ။